Myanmar Investment Commission

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် (၉/၂၀၁၇)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၁၁/၂၀၁၇) ကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ ပါသည်။

အဆိုပါအစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၁၉) ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၁၈၄.၂၇၂) သန်း နှင့် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁၁,၁၉၇) ခုကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း(၁၉)မှာ စက်မှုကဏ္ဍ လုပ်ငန်း (၁၂)ခု၊ မွေးမြူရေးနှင့် ရေလုပ်ငန်း (၁)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍလုပ်ငန်း (၃)ခု ၊ အိမ်ယာ အဆောက်အအုံတည်ဆောက်မှုဖွံ့ဖြိုးမှု ကဏ္ဍ (၁)ခု၊ လျှပ်စစ်ဓါတ်အားကဏ္ဍလုပ်ငန်း (၁)ခု နှင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍလုပ်ငန်း (၁)ခု တို့ကို ခွင့်ပြုပေးခဲ့ခြင်း ဖြစ်ပါသည်။ အဆိုပါ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၁၉)ခုအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ(၂၀၁၆)အရ ခွင့်ပြုမိန့်ထုတ်ပေး ခဲ့သည့်လုပ်ငန်း (၃)ခု နှင့် အတည်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်း (၁၆)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လဆန်းအထိ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၁၂) ခု၊ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန် ဒေါ်လာ (၂,၉၅၂.၇၉၇)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၃,၄၈၇.၇၃၂)သန်း စီးဝင်ခြင်းဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ သီလဝါအထူး စီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၈၉.၆၀၀) သန်း ခွင့်ပြု ခဲ့ခြင်းဖြစ်သဖြင့် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၃,၆၇၇.၃၃၂) သန်း စီးဝင်ခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၂)အရ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သည့် လုပ်ငန်း(၅၄)ခုဖြစ်ပြီး၊ မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)အရ ခွင့်ပြုမိန့် ထုတ်ပေးသည့် လုပ်ငန်း (၁၆)ခု နှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း (၄၂)ခု ဖြစ်ပါသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၇)ခု ခွင့်ပြုခဲ့ပြီး၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၈၀.၅၂၅)သန်း အပါအဝင် ကျပ် (၄၀၉,၃၄၈.၄၇၀)သန်း၊ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပေါင်း (၉၄၀)ခုကို ဖန်တီးပေးနိုင် ခဲ့ပါသည်။ ခွင့်ပြုလုပ်ငန်း (၇)ခု မှာ စက်မှုကဏ္ဍလုပ်ငန်း (၂)ခု ၊အိမ်ယာအဆောက်အအုံတည်ဆောက် ဖွံ့ဖြိုးမှုကဏ္ဍလုပ်ငန်း (၁) ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ကဏ္ဍလုပ်ငန်း (၁)ခု၊ စက်မှုဇုန် တည်ဆောက်မှု ကဏ္ဍလုပ်ငန်း (၁) ခု နှင့် အခြားဝန်ဆောင်မှုကဏ္ဍလုပ်ငန်း (၂)ခု တို့ ဖြစ်ပါသည်။ အဆိုပါ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း(၇)ခုအနက် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၃)အရ ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း(၃)ခုဖြစ်ပြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)အရ ခွင့်ပြုမိန့် ထုတ်ပေးသည့်လုပ်ငန်း (၂)ခု နှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း (၂)ခု ဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုခွင့်ပြု ပေးခဲ့မှုမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လဆန်း အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း (၄၀)ခု၊ အမေရိကန် ဒေါ်လာ (၄၇၇.၃၉၈)သန်း အပါအဝင် ကျပ် (၁,၂၄၈,၅၂၈.၄၉၃) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄၈၅.၇၇၆) သန်းအပါအဝင် ကျပ်(၁,၂၇၄,၆၃၀.၈၇၃)သန်း စီးဝင်ခြင်းဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၃)အရ ခွင့်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း(၂၈)ခုဖြစ်ပြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ (၂၀၁၆)အရ ခွင့်ပြုမိန့် ထုတ်ပေးသည့်လုပ်ငန်း (၅)ခု နှင့် အတည်ပြုမိန့် ထုတ်ပေးခဲ့သည့် လုပ်ငန်း (၇)ခု ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm